## (က) နောက်ခံသမိုင်း


### ၁။ ကျေးရွာတည်နေရာနှင့် အကျယ်အဝန်း

တကိုင်းကျေးရွာ တည်နေရာသည် အရှေ့လောင်ဂျီတွဒ် *၉၆ ° ၁၄' ၁၀"* ၉၆ ° ၁၄ ' ၃၀ " ကြား၊ မြောက်လတ္တီတွဒ် *၂၇ ° ၁၄' ၅၃"* နှင့် *၂၇ °၁၅' ၇"* တွင် တည်ရှိသည်။ ထုံးတမ်းဓလေ့ ကျေးရွာအသုံးပြု နယ်နိမိတ်သည် အရှေ့လောင်ဂျီတွဒ် *၉၆ ° ၁၂'၂၉"* နှင့် *၉၆ ° ၁၆' ၅၉"* ကြား၊ မြောက်လတ္တီတွဒ် *၂၇ °၁၃' ၁၂" နှင့် ၂၇ °၁၆' ၃၄"* ကြားတွင် ပယ်လယ်ရေ မျက်နှာပြင် အနိမ့်ဆုံးပေ **၁၇၅၂'** နှင့် အမြင့်ဆုံးပေ **၄၃၀၈'** ကြားတွင် တည်ရှိသည်။ ကျေးရွာ၏ နယ်နိမိတ်စုစုပေါင်း ဧရိယာမှာ စတုရန်းမိုင်ပေါင်း **(၁၀.၈၆၆)၊ (၆၉၅၄) ဧက** ကျယ်ဝန်းသည်။ ကျေးရွာတည်ရာ မြေအကျယ်အဝန်းမှာ **(၅၇) ဧက** ရှိသည်။



*မှတ်တမ်းဓာတ်ပုံ (၁) တကိုင်းကျေးရွာ တည်နေရာ*

မြန်မာနိုင်ငံတော် အစိုးရ၏ အုပ်ချုပ်မှုစနစ်အရ စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေ သရှိ နန်းယွန်းမြို့နယ်အတွင်း တကိုင်းကျေးရွာ အုပ်စုတွင် ပါဝင်သည်။ အရှေ့ဘက်တွင် ကျဲသရောက်ကျေး ရွာအုပ်စု နယ်နိမိတ်၊ အနောက်ဘက်တွင် ခမ္ပတိုင်ကျေးရွာ နယ်နိမိတ်တို့နှင့်လ ည်းကောင်း၊ မြောက်ဘက်ခြမ်းတွင် မြန်မာ-အိန္ဒိယနိုင်ငံနယ်နိမိ တ်မျဉ်းနှင့် တောင်ဘက်ခြမ်းတွင် လီဒူလမ်းနံဘေးရှိ နောင်ယန်းချောင်းတို့နှင့် နယ်နိမိတ်ချင်း ထိစပ်နေသည်။




ပုံ(၂) ကျေးရွာတည်ရာနှင့် ကျေးရွာလူထုဘုံပိုင်မြေများပြ မြေပုံ

## ၂။ ရွာတည်ထောင်သည့် သမိုင်းအကျဉ်းနှင့် မျိုးနွယ်စုများ ပျံ့နှံ့နေထိုင်မှု

ဘိုးဘေးတို့၏ နုတ်သမိုင်းများအရ တကိုင်းကျေးရွာကို ၁၈၁၀ ခုနှစ်ခန့်တွင် စတင်တည်ထောင်ခဲ့ ကြောင်း သိရှိရသည်။ တကိုင်း၏ အနက်အဓိပ္ပါယ်မှာ **တီ့ကိုက်** ဟူသည့် မုန်ရှန်းမျိုးနွယ်စု၏ ဘာသာစကားမှ ဆင်းသက်လာခဲ့သည်။ တီ့ (ရေ) ကိုက် (ကွေ့ကောက်ခြင်း)၊ ရေကွေ့ကောက်ချောင်းကို အခြေခံပြီး ခေါ်သွင်လာခဲ့ကြသည်။ မြန်မာနိုင်ငံလွတ်လပ်ရေး ရရှိပြီးသည့် ၁၉၄၈ ခုနှစ်နောက်ပိုင်းတွင် နာဂစကားလုံး **တီ့ကိုက်မှ တကိုင်း**ဟူ၍ မြန်မာဘာသာဖြင့် တရားဝင်ရေးသား အမည်သွင်စေခဲ့ခြင်း ဖြစ်သည်။ ၂၀၁၃ မတိုင်မီ ယခုတကိုင်းကျေးရွာ၏ နယ်နိမိတ်အတွင်း လေးနေရာတွင် ရွာပြောင်းရွှေ့ပြီး အသက်မွေးဝမ်းကျောင်းပြု ခဲ့သည်။

တကိုင်းကျေးရွာကို စတင်တည်ထောင်ခဲ့သူမှာ မုန်ရှန်းမျိုးနွယ်မှ တီးခန်းမိသားစုနွယ်ဝင် ဦးမိတ်ဒုန်ဖြစ်သည်။ ရွာတည်ထောင်ချိန်တွင် မိသားစုတစ်ခုတည်းသာရှိခဲ့သည်။ (၇) နှစ်ခန့်ကြာသည့်နောက် ဦးရှမ်ဟန်းနှင့် ဦးရန်းခပ်တို့ဦးဆောင်သည့် မိသားစုများ စုပေါင်းနေထိုင်လာခဲ့သည်။ နောင်နှစ်ပေါင်း (၇၀) ကျော်ခန့်အကြာတွင် တဝီတရုတောင်ရွာ၊ ကတန်ရွာ၊ နောင်ကုလုရွာ၊ ဖားယုန်းရွာ၊ ငါလန်တောင်ရွာ၊ နာယန်းရွာ၊ သဖျားရွာများမှ အခြားမုန်ရှန်းမိသားစု **အိမ်ခြေ ၂၀** ခန့် သည် တကိုင်းရွာသို့ ပြောင်းရွှာနေထိုင်လာခဲ့ ကြသည်။

၁၉၈၄-၈၅ခုနှစ်တွင် နာဂအမျိုးသား စိုရှယ်လစ်ကောင်စီ၏ ညွှန်ကြားမှုဖြင့် ဦးကမ်းညဦး ဆောင်မှုအောက်၌ ဟခီးမျိုးနွယ် **အိမ်ထောင်စု (၁၃)**စုနှင့် ဦးရားဝမ်းဦးဆောင်သည့် ဟမန်းမျိုးနွယ် **အိမ်ထောင်စု (၇)** စုတို့သည် တကိုင်းရွာသို့ ထပ်မံပြောင်းရွှေ့လာခဲ့ကြသည်။

ကျေးရွာတည်ထောင်ခဲ့သည့် မုန်ရှန်းမျိုးနွယ်စုများသည် ၁၈၁၀ မတိုင်မီကာလများ၌ နန်းယွန်းမြို့နယ်ရှိ ယခင် လစ်လင်းကန်းကျေးရွာ ပတ်ဝန်းကျင်တစ်လျှောက် **Luimx Kvlc Taungc Kauz** (လင့်(မ်)ကောလ်းတန်းကောလ်) ရွာတွင် ကာလကြမြင့်စွာ စုဝေးနေထိုင်ခဲ့ကြသည်။

## ၃။ တကိုင်းကျေးရွာရှိ တန်ရှုန်းနာဂမျိုးနွယ်စုများ၏ မှတ်တမ်းဓာတ်ပုံများ



*မှတ်တမ်း ဓာတ်ပုံ(၂ ) မုန်ရှုန်းမျိုးနွယ်စု*




မှတ်တမ်းဓာတ်ပုံ (၃)ဟာသီးမျိုးနွယ်စု



မှတ်တမ်းဓာတ်ပုံ (၄) ဟာမန်းမျိုးနွယ်စု



မှတ်တမ်းဓာတ်ပုံ(၅) ဟကျန်းမျိုးနွယ်စု



*မှတ်တမ်းဓာတ်ပုံ (၆) မုံးရဲမျိုးနွယ်စု*




*မှတ်တမ်းဓာတ်ပုံ (၇) ဟလျှန်း(လားမာ) မျိုးနွယ်စု*

**ဇယား(၁) တကိုင်းကျေးရွာ လူဦးရေပြ ဇယား (၂၀၁၉ ကျေးရွာစစ်တမ်းလွှာအရ)**

| ကျေးရွာအမည် | လူဦးရေ | | စုစုပေါင်း | စုစုပေါင်းအိမ်ခြေ |
|---|---|---|---|---|
| | ကျား | မ | | |
| တကိုင်းကျေးရွာ | ၁၃၃ | ၁၃၄ | ၂၆၇ | ၃၇ |
| ရာခိုင်နှုန်း | ၅၀% | ၅၀% | ၁၀၀% | |

## ၄။ ကျေးရွာတည်ထောင်သူ သုံးဦးအနက် ဦးမိတ်ဒုန်၏ ဆွေစဉ်မျိုးဆက်ပြဇယား



## ၅။ ကျေးရွာ၏ သမိုင်းတွင် ထူးခြားသော ဖြစ်စဉ်များ

| | |
|---|---|
| ၁ | (၁၈၁၀)ခုနှစ်တွင်  Luimx Kvlc Taunc Kauz ရွာမှ တကိုင်းကျေးရွာသို့ပြောင်းရွှေ့ အခြေချခဲ့သည်။ |
| ၂ | (၁၈၅၀)ခုနှစ်တွင် ကြွက်ဘေးကြောင့် သီးနှံများ ဆုံးရှုံးခဲ့သည်။ |
| ၃ | (၁၉၅၀)ခုနှစ်တွင် ငလျင် (၃) ရက်ခန့် အပြင်းအထန် လှုပ်ခတ်ခဲ့သည်။ |
| ၄ | (၁၉၇၁) ခုနှစ်တွင် နတ်ကိုးကွယ်ယုံကြည်မှုမှ ခရစ်ယာန်ဘာသာသို့ ကူးပြောင်းခဲ့သည်။ |
| ၅ | (၁၉၆၄)ခုနှစ်တွင် မေလ (၈) ရက်နေ့တွင် KIA နှင့် နာဂပြည်သူ့စစ်အဖွဲ့ တိုက်ပွဲဖြစ်ပွားခဲ့သည်။ |
| ၆ | (၁၉၆၄)ခုနှစ်တွင် စစ်ပွဲကြောင့် အိန္ဒိယနိုင်ငံ နန်ပေါင်မြို့သို့ ရွာလုံးကျွတ် ယာယီပြောင်းရွှေ့နေထိုင်ခဲ့သည်။ |
| ၇ | (၁၉၈၁)ခုနှစ်တွင် ဒုတိယအကြိမ် ကြွက်ဘေးကြောင့် သီးနှံများ ဆုံးရှုံးခဲ့သည်။ |
| ၈ | (၁၉၉၂) ခုနှစ်တွင် ဖွန်လ (၅) ရက်နေ့တွင် KIA နှင့် မြန်မာ့တပ်မတော်တို့ကြား စစ်ပွဲဖြစ်ပွားခဲ့သည်။ |
| ၉ | (၁၉၉၂)ခုနှစ်တွင် ဖြစ်ပွားခဲ့သော စစ်ပွဲကြောင့် အိန္ဒိယနယ်စပ်သို့ ဒုတိယအကြိမ် ရွာလုံးကျွတ် ယာယီ ပြောင်းရွှေ့ခဲ့သည်။ |
| ၁၀ | (၁၉၉၇)ခုနှစ်တွင် တတိယအကြိမ် ကြွက်ဘေးကြောင့် သီးနှံများ ဆုံးရှုံးခဲ့သည်။ |
| ၁၁ | (၁၉၉၉)ခုနှစ်တွင် စတုတ္ထအကြိမ် ကြွက်ဘေးကြောင့် သီးနှံများ ဆုံးရှုံးခဲ့သည်။ |
| ၁၂ | ၁၉၉၈ခုနှစ်၊ နိုဝင်ဘာလ၊  (၃၀) ရက်နေ့တွင် အိန္ဒိယစစ်တပ်သည် တကိုင်းကျေးရွာသို့ ကျူးကျော်ဝင်ရောက်ခဲ့ပြီး ရွာလူကြီး(၃) ဦးကို ဖမ်းဆီးရိုက်နှက်ခြင်း၊ အိမ်(၂) လုံးမီးရှို့ခြင်း၊ အမျိုးသားများအားလုံးအား အိန္ဒိယနိုင်ငံရှိ လုံပန်ကျေးရွာသို့ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပြီး (၃) ရက်အကြာတွင် ပြန်လွှတ်ပေးခဲ့သည်။ |
| ၁၃ | ၂၀၀၄ခုနှစ်၊ ဒီဇင်ဘာလ၊  (၂၀) ရက်တွင် လူအင်အား အယောက်(၃၀)ကျော်ခန့်ရှိ အိန္ဒိယစစ်တပ်သည် တကိုင်းကျေးရွာသို့ ဒုတိယအကြိမ် ကျူးကျော်ဝင်ရောက်ရှိခဲ့ပြီး၊ ရွာလူကြီး (၃) ဦးအား ရိုက်နှက်ခဲ့သည်။ |
| ၁၄ | (၂၀၀၀)ခုနှစ် တွင် တောင်ယာစပါးခင်းတွင် လောင်မီးပိုးကျကာ သီးနှံများအား ပျက်စီးခြင်း ရှိခဲ့သည်။ |

## အခန်း(၂)

## ကျေးရွာ၏ ရိုးရာဓလေ့ မြေယာ၊ သစ်တောစီမံ အသုံးချခြင်း

တကိုင်းကျေးရွာ၏ နယ်နိမိတ်ပိုင်ဆိုင်မှု အကျယ်အဝန်းမှာ ဧရိယာ စတုရန်းမိုင်ပေါင်း (၁၇.၈၆၆) ရှိသည်။ ရိုးရာဓလေ့ မြေစီမံခန့်ခွဲမှု စနစ်အရ မြေအမျိုးအစားများကို အောက်ပါအတိုင်း စီမံခန့်ခွဲ အသုံးချလျက်ရှိသည်။

### ၁။ **ရိုးရာအမဲလည် ထိန်းတော**

ရွာ၏ အရှေ့မြောက်ဘက်၊ မြန်မာ-အိန္ဒိယ နယ်နိမိတ်မျဉ်းနှင့် ကပ်လျက်တည်ရှိသည်။ ဧရိယာ စုစုပေါင်း **(၁၁၆၈)** ဧက ရှိသည်။ ဝက်ဝံ၊ ဆပ်၊ ဂျီ၊ ကျားသစ်၊ တောဝက်၊ မြောက်အမျိုးမျိုး စသည့် ထင်ရှားသည့် တောကောင်များသည် ထိန်းတောတွင် မှီခိုကျက်စားကြသည်။ ငှက်အမျိုးအစားများတွင် တောကြက်၊ တောင်ပေါ်ဒေါင်း၊ ငုံး၊ ဥသြနှင့် နာဂရိုးရာတွင် အမြတ်တနိုး အထွဋ်အမြတ်ထားသည့် အောက်ချင်းငှက်၊ အောင်လံငှက်များ ခိုအောင်းမှီခိုကြသည်။

ကျေးရွာအမဲလည်ထိန်းတောကို ဘိုးစဉ်ဘောင်ဆက် ထိန်းသိမ်းလာကြရသည်။ နာဂရိုးရာပွဲတော်နှင့် ဘာသာရေးပွဲတော်များတွင် ရိုးရာအမဲလည်ခြင်း အလေ့အထ ပပျောက်သိမ်ကောသွားခြင်း မဖြစ်စေရန် ရွာလုံးကျွတ် အမျိုးသားများသည် ထိုတောသို့ အမဲလည်ထွက်ကြရသည်။

### ၂။ **ရေထိန်းတော**

ရေထိန်းတောမှာ **(၄၈၇)** ဧကကျယ်ဝန်းသည်။ တကိုင်းကျေးရွာ၏ မြောက်ဘက် တည့်တည့် မြန်မာ-အိန္ဒိယနယ်နိမိတ် ပတ်ကွိုင်တောင်ကြောကို ကျေးရွာဘုံပိုင်ရေထိန်းတောအဖြစ်

ခေတ်အဆက်ဆက် ထိန်းသိမ်းလာခဲ့သည်။ ရေထိန်းတော နယ်မြေအတွင်း ရိုးရာဓလေ့ ရွှေ့ပြောင်းတောင်ယာခုတ်ခြင်း၊ အသုံးပြုရန် သစ်၊ ဝါးများ ထုတ်ယူခြင်းကို လုံးဝ မပြုလုပ်ရန် တားမြစ်ထားသည်။ ရေထိန်းတောသည် ဝိဒေါင်းချောင်း၊ ယိုးယပ်ချောင်း၊ ဝေါက်ရုတ်ချောင်းနှင့် ယိုးယောင်းချောင်းတို့အတွက် အဓိက ရေထွက်တောဖြစ်သည်။ တကိုင်းကျေးရွာပိုင် နယ်နိမိတ်တွင် ရေချိုချောင်းနှင့် ရေငန်ချောင်းများရှိသည်။

## ၃။ အမြဲတမ်း စိုက်ခင်းမြေ

**အမြဲတမ်းစိုက်ခင်းမြေ**သည် ရွာ၏အနောက်ဘက် ခမ္ဘတိုင်ကျေးရွာနှင့် တကိုင်းကျေးရွာကြား နယ်နိမိတ်နှင့် ကပ်လျက်ရှိပြီး **(၁၇၁၇)** ဧက ကျယ်ဝန်းသည်။ တောထန်း၊ လက်ဖက်၊ လိမ္မော်၊ နာနတ်၊ အိမ်သုံးဝါးအမျိုးမျိုး၊ ဖာလာ၊ ဝဥ စသည်တို့ကို အမြဲတမ်းစိုက်ခင်းမြေတွင် စိုက်ပျိုးကြသည်။ အသုံးပြုရန်နှင့် ဝင်ငွေရရှိရေးအတွက် အရေးပါသည့် နှစ်ရှည်သီးနှံပင်များကို အဓိကစိုက်ပျိုးကြသည်။

**ရာသီအလိုက် သီးနှံစိုက်ပျိုးမြေ**သည် တကိုင်းရွာအရှေ့ဘက် ကျဲသရောက်ကျေးရွာနှင့် နယ်နိမိတ်ခြားသော ဖားညောက်ချောင်းကမ်းနံဘေး၌ အမြဲတမ်းစိုက်ခင်း အသုံးပြုမြေဇုန်အတွင်း တည်ရှိသည်။ ရာသီ သီးနှံများဖြစ်သည့် မုံညင်း၊ ပဲအမျိုးမျိုး၊ ဂျင်း၊ နမ်း၊ ငရုပ်၊ ကြက်သွန်၊ အာလူး စသည်တို့ကို ရာသီအလိုက် စိုက်ပျိုးကြသည်။

## ၄။ ရွှေ့ပြောင်းတောင်ယာမြေ

ရွှေ့ပြောင်းတောင်ယာမြေသည် ရွာ၏တောင်ဘက်ခြမ်းတွင် ကားလမ်းနှင့်ကပ်လျက် တည်ရှိသည်။ အလေ့ကျ အနားပေးသည့် ရိုးရာထုံးတမ်းစနစ်ဖြင့် ရွှေ့ပြောင်းတောင်ယာမြေတွင် သီးနှံများစိုက်ပျိုးနိုင်သည်။ အဓိကအားဖြင့် စပါး၊ ပြောင်း၊ ပီလောပီနံ၊ ပိန်းဥအမျိုးမျိုးနှင့် ဖရုံအမျိုးမျိုးတို့ကို စိုက်ပျိုးသည်။ ဧရိယာအကျယ်အဝန်းမှာ စုစုပေါင်း **(၁၄၆၈)** ဧက ရှိသည်။

## ၅။ ကျေးရွာပိုင်ထိန်းတော

ကျေးရွာပိုင် ထိန်းတောသည် ဧရိယာ အကျယ်အဝန်း **(၁၆၄၉)** ဧကကျယ်ဝန်းသည်။ လီဒူလမ်းနံဘေး အနောက်မှ အရှေ့ဘက်သို့ ကပ်လျက်စီးဆင်းနေသည့် နောင်ယန်းချောင်းနှင့် ရွှေ့ပြောင်းတောင်ယာမြေတို့ အကြားတွင် **ထိန်းတောဇုန်(၁)** တည်ရှိသည်။ အမြဲလည်ထိန်းတော၊

ရေထိန်းတောတို့နှင့် ထိစပ်လျက် ရွာ၏ အနောက်မြောက်ဘက် ပတ်ကွိုင် (ပကိုင်)တောင်ကြောတွင် **ထိန်းတောဇုန် (၂)** တည်ရှိသည်။

ကျေးရွာပြည်သူတို့၏ လူနေအိမ်များ၊ အခြေခံ အဆောက်အဦးနှင့် အသုံးအဆောင်များ ပြုလုပ်ရန် လိုအပ်သော သစ်ဝါးများကိုမူ ထိန်းတော (၂) မှ စနစ်တကျ ထုတ်ယူကြရသည်။

ကျေးရွာပိုင်ထိန်းတောဇုန် (၂)မှ သစ်ဝါးများ ထုတ်ယူခြင်း၊ ဖျက်စီးခြင်းကို မည်သူကမျှ လုံးဝ မပြုလုပ်ရန် တကိုင်းကျေးရွာနေ ပြည်သူများ၏ အများဆန္ဒ သဘောတူညီချက်ဖြင့် တားမြစ်ထားသည်။

## ၆။ စားကျက်မြေ

တကိုင်းကျေးရွာ၏ ဘုံပိုင်စားကျက်မြေသည် ကျေးရွာတည်နေရာကို **(၀.၅၀) ကီလိုမီတာခန့်** အကွာအဝေးမှ ပတ်ပတ်လည်ဝန်းရံထားသည်။ စားကျက်မြေသည် စုစုပေါင်း **ဧက (၄၀၈)** အကျယ်အဝန်းရှိသည်။ ကျွဲ၊ နွားနှင့် ဆိတ်များကို လွတ်ကြောင်းစနစ်ဖြင့် စားကျက်ချလေ့ရှိသည်။

## ၇။ ကျေးရွာပြည်သူ ဘုံပိုင်မြေများ

ကျေးရွာ၏ တည်နေရာမြေတွင် အများပိုင်မြေများဖြစ်သည့် (၁) ရိုးရာယဉ်ကျေးမှုပိုင်မြေ (၂) ပညာရေးကျောင်းဝင်းမြေ (၃) ဆေးပေးခန်းဝင်းမြေ (၄) အားကစားကွင်းမြေ (၅) ခရစ်ယာန်ဘုရားရှိခိုးကျောင်းမြေ (၆) အုပ်ချုပ်ရေးမှူးရုံးမြေနှင့် (၇) သုသာန်မြေတို့ပါဝင်သည်။

### (၁) ရိုးရာယဉ်ကျေးမှုပိုင်မြေ

ရိုးရာယဉ်ကျေးမှုပိုင်မြေသည် **(၂) ဧက** ကျယ်ဝန်းသည်။ ၂၀၁၈ ခုနှစ်တွင် အုပ်ချုပ်ရေးမှူး **ဦးတင်းကျ**နှင့် **ရပ်မိရပ်ဖများ**က ဦးဆောင်ပြီး ယင်းမြေနေရာကို သတ်မှတ်ထားရှိခဲ့သည်။ ရိုးရာယဉ်ကျေးမှုပိုင်မြေကို ယဉ်ကျေးမှု ရိုးရာပွဲလမ်းသဘင်များပြုလုပ်ရန် အဓိက အသုံးပြုသည်။

### (၂) ပညာရေးကျောင်းဝင်းမြေ

ရွာ၏အထက်ဘက်တွင် ကပ်ရပ်တည်ရှိသည့် ကျေးရွာပိုင်မြေသည် **(၆.၅၅) ဧက** အကျယ်အဝန်းရှိသည်။ ၂၀၁၅ ခုနှစ်တွင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး **ဦးအောင်တိုး**နှင့် ကျောင်းအုပ်ဆရာကြီး **ဦးရော့ဝါး**တို့က စာသင်ကျောင်းဝင်းမြေအဖြစ် တရားဝင် သတ်မှတ်ခဲ့သည်။ ၂၀၁၅-၁၆ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်၏ ငွေလုံးငွေရင်း ထောက်ပံ့ငွေဖြင့် စာသင်ကျောင်းဆောင် အလျား ၆၀ပေ၊ အနံ ၃၀ပေနှင့် အမြင့် ၁၂ပေဖြင့်ပြီးသည့် ပျဉ်ခင်းပျင်ကာ သွပ်မိုးဆောင် တစ်ဆောင်ကို ဆောက်လုပ်ခဲ့သည်။

**(၃) ဆေးပေးခန်းဝင်း**

ကျေးရွာဆေးပေးခန်းသည် ရွာအလယ်တွင် ဘောလုံးကွင်းရာထားမြေနှင့် ကပ်လျက်တည်ရှိသည်။ **(၁.၁၅) ဧက** ကျယ်ဝန်းသည်။ ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးအောင်တိုး လက်ထက် ၂၀၁၈ ဇန်နဝါရီလတွင် ကျေးရွာလူကြီးများက ထိုနေရာကို ဆေးပေးခန်းဝင်း အဖြစ် တရားဝင်အသိအမှတ်ပြု သတ်မှတ်ခဲ့သည်။ ထိုနေရာတွင် ဆေးပေးခန်း မရှိသေးသော်လည်း လွတ်တော်ရံပုံငွေ ထောက်ပံ့ကြေးငွေဖြင့် အစိုးရ ကျန်းမာရေးဝန်ထမ်းများ နေအိမ်ဆောင် တစ်လုံးကို ဆောက်လုပ်ထားပါသည်။

လတ်တလော အခြေအနေတွင် အစိုးရမဟုတ်သည့် အဖွဲ့အစည်း တစ်ခုဖြစ်သည့် Madical Action Myanmar (MAM) အဖွဲ့မှ ခန့်အပ်သော ကျေးရွာအခြေပြု ကျန်းမာရေး စောင့်ရှောက်မှုပေးသည့် ဝမ်ထမ်းများ၏ အကူအညီဖြင့် အချို့ဆေးဝါးများကို ရွာသူရွာသားများက ရရှိကြသည်။

**(၄) အားကစားကွင်းမြေ**

ကျေးရွာအားကစားကွင်းသည် ရွာအလယ်တည့်တည့်တွင် တည်ရှိသည်။ **(၁) ဧက** ကျယ်ဝန်းသည်။ ၂၀၁၅ ခုနှစ်တွင် ကျေးရွာလူထုအားလုံး၏ ဆန္ဒကို ခံယူပြီး ထိုမြေနေရာကို အတည်ပြု သတ်မှတ်ခဲ့သည်။

**(၅) ခရစ်တော်၏ အသင်းတော် ခရစ်ယာန် ဘုရားရှိခိုးကျောင်းဝင်းမြေ**


ရွာ၏အနောက်တောင်ဘက် ကုန်းထိပ်ပေါ် တည်ရှိပြီး **(၁.၁၅) ဧက** ကျယ်ဝန်းသည်။ ၂၀၁၆ ခုနှစ်တွင် ဤနေရာကို ကျေးရွာပြည်သူများ၏ ဆန္ဒဖြင့် အတည်ပြုသတ်မှတ်ခဲ့သည်။ ၂၀၁၆တွင် တကိုင်းကျေးရွာရှိ ခရစ်တော်၏ အသင်းတော်မှ အိမ်ထောင်မိသားစုများတို့၏ စုပေါင်းရံပုံငွေဖြင့် ထိုနေရာတွင် ဘုရားရှိခိုးကျောင်းတစ်ဆောင်ကို ဆောက်လုပ်ပြီးစီးနိုင်ခဲ့သည်။

**(၆) အုပ်ချုပ်ရေးမှူးရုံးဝင်း**

**ဧက (၀.၂၅)** ကျယ်ဝန်းသည့် အုပ်ချုပ်ရေးမှူးရုံးဝင်းမြေသည် ရွာလယ် မော်တော်ဆိုင်ကယ်လမ်း၏ တစ်ဖက်တစ်ချက်တွင် တည်ရှိသည်။ ၂၀၁၈ ခုနှစ်၌ ကျေးရွာလူကြီးများက ယင်းနေရာကို ကျေးရွာအုပ်ချုပ်ရေးမှူးရုံးဝင်းမြေအဖြစ် ရွေးချယ် သတ်မှတ်ခဲ့သည်။


**(၇) သုသာန်မြေ**

သုသသာန်မြေသည် **(၆.၁၄) ဧက** ကျယ်ဝန်းသည်။  ရွာအောက်ဘက်ပိုင်းတွင် ကျေးရွာတည်နေရာနှင့် ဝိဒေါင်ချောင်းတို့ကြားတွင် တည်ရှိသည်။



# တကိုင်းကျေးရွာ၏ နယ်နိမိတ်နှင့် မြေအမျိုးအစား တည်နေရာပြ မြေပုံ

တကိုင်းကျေးရွာ၏ နယ်နိမိတ်နှင့် ရိုးရာထုံးတမ်းဓလေ့အရ စီမံခန့်ခွဲသော မြေအမျိုးအစားများပြ မြေပုံ



## အခန်း (၃)

## အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

### ၁။ စိုက်ပျိုးရေး

### (၁) ရွှေ့ပြောင်းတောင်ယာစနစ်ဖြင့် စပါးစိုက်ပျိုးခြင်း


ရွှေ့ပြောင်း တောင်ယာစပါး စိုက်ပျိုးခြင်းလုပ်ငန်းသည် တကိုင်းကျေးရွာ၏ အဓိက အသက်မွေးဝမ်းကျောင်း လုပ်ငန်းဖြစ်သည်။ ဇန်နဝါရီမှ ဖေဖော်ဝါရီလအထိ တောင်ယာခင်းများကို ခုတ်ထွင်ရှင်းလင်းသည်။ မတ်လ ခန့်တွင် တောင်ယာခင်းမီးရှို့ သန့်စင်ခြင်းပြုလုပ်သည်။ ကောက်စောစပါးကို မတ်လနှင့်ဧပြီလအတွင်း စိုက်ပျိုးသည်။ ကောက်ကြီးစပါးများကို မေလနှင့် ဂျွန်လများတွင် စိုက်ပျိုးကြသည်။



*မှတ်တမ်းဓာတ်ပုံ (၈) ရွှေ့ပြောင်းတောင်ယာလုပ်ငန်း*

ဩဂုတ်လနှင့် စက်တင်ဘာလအတွင်းတွင် ကောက်စောစပါးများကို ရိပ်သိမ်းသည်။ အောက်တိုဘာမှ နိုဝင်ဘာလအထိ ကောက်ကြီးစပါးများကို ရိပ်သိမ်းကြသည်။

ရွှေ့ပြောင်းတောင်ယာများအတွက် ပေါင်းရှင်း လင်းခြင်းကို ဂျွန်နှင့် ဂျွန်လိုင်လများတွင် ပြုလုပ်လေ့ရှိသည်။




**(၂) ရိုးရာဓလေ့အရ တန်ဖိုးထား စိုက်ပျိုးသည့် သီးနှံများ**

ရိုးရာဓလေ့အရ မရှိမဖြစ် စိုက်ပျိုးသည့် သီးနှံများမှာ လက်ဖက်၊ ဂျင်း၊ ငရုပ်သီး၊ ပီလောပီနှံနှင့် ပိန်းဥ နှင့် ပြောင်း စသည်တို့ ဖြစ်သည်





*မှတ်တမ်းဓာတ်ပုံ (၉) ရိုးရာဓလေ့အရ တန်ဖိုးထားစိုက်ပျိုးသည့် သီးနှံစိုက်ခင်းများ*

### (၃) ဝင်ငွေရ သီးနှံများစိုက်ပျိုးခြင်း

ဖာလာ၊ ငရုပ်နှင့် ဂျင်း တို့မှာ အဓိက ဝင်ငွေရသီးနှံများဖြစ်ကြသည်။ ဖာလာသီးများကို ပန်ဆောင်ဈေး နေ့တွင် ရောင်းချပြီး အိန္ဒိယနိုင်ငံသို့ တင်ပို့ကြသည်။ ဖာလာခင်းများကို အမြဲတမ်းသီးနှံစိုက်ခင်းမြေတွင် စိုက်ပျိုးလျက်ရှိပြီး ငရုပ်နှင့် ဂျင်းတို့ကို ရာသီသီးနှံစိုက်ခင်းမြေတွင်





စိုက်ပျိုးကြသည်။

*မှတ်တမ်းဓာတ်ပုံ (၁၀) ဝင်ငွေရရှိရန် ဖာလာစိုက်ပျိုး ထုတ်လုပ်ခြင်း*

## ၂။ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ခြင်း

အဓိကအားဖြင့် ကျွဲ၊ နွား၊ ကြက်၊ ဝက်၊ ဆိတ်တို့ကို စားသုံးရန်နှင့် ဝင်ငွေရရှိရေးအတွက် တစ်နိုင်တစ်ပိုင် မွေးမြူကြသည်။ ကြက်နှင့် ဝက်များကို အိမ်တွင် ခြံခတ်မွေးမြူပြီး ကျန်အိမ်မွေးတိရိစ္ဆာန်များကို လွတ်ကြောင်းစနစ်ဖြင့် စာကျက်မြေအတွင်း ထိန်းသိမ်းမွေးမြူကြသည်။



*မှတ်တမ်းဓာတ်ပုံ (၁၁) တစ်နိုင်တစ်ပိုင် ခြံတင် ဝက်မွေးမြူခြင်း*

## ၃။ တောထွက်အရင်းအမြစ်များ စီမံအသုံးပြုခြင်း

တကိုင်းကျေးရွာ၏ အဓိကတောထွက် အရင်းအမြစ်များကို အဓိကအားဖြင့် ရိုးရာယဉ်ကျေးမှုအတွက် အသုံးပြုသော အရင်းအမြစ်များနှင့် ဝင်ငွေရရှိစေသည့် အရင်းအမြစ်များဟူ၍ (၂) မျိုးနှစ်စား ခွဲခြားနိုင်ပါသည်။

**ရိုးရာယဉ်ကျေးမှုအရ အသုံးပြုသည့် တောထွက်အရင်းအမြစ်များ**

### (၁) ဆောက်လုပ်ရေးသုံး တောထွက်အရင်းအမြစ်

ခိုင်ခံ့သည့် သစ်၊ ဝါး အမျိုးအစားများကို ရိုးရာအိမ်၊ တောင်ယာသဲနှင့် စပါးကျီများကို ဆောက်လုပ်ရာတွင် အသုံးပြုသည်။ ပွပြောင်းသည့် သစ်ဝါးအမျိုးအစားများကို ဥယျာန်ခတ်ခြင်းနှင့် ထင်းများ အဖြစ် အသုံးပြုလျက်ရှိကြသည်။ ကျေးရွာအသုံးပြုတောမှ ရရှိသည့် ကြက်ဉကြိမ်၊ တောင်ကြိမ်နှင့် ရမထာကြိမ်များသည်လည်း အဆောက်အဦးများနှင့် ရိုးရာလက်မှု လုပ်ငန်းများအတွက် မရှိမဖြစ် လိုအပ်သည့် တောထွက်အရင်းအမြစ်များ ဖြစ်ပါသည်။

ရွှေ့ပြောင်းတောင်ယာ တောနများတွင် သက်ကယ်ခင်းများ ပေါက်ရောက်လျက်ရှိပြီး ရိုးရာအိမ်အမိုးအတွက် မှီခိုအသုံးပြုကြသည်။ တောရိုင်းများတွင် ပေါက်ရောက်ရှင်သန်သည့် တောဝါးရွက်များ ကိုလည်း အဆောက်အဦများအတွက် ခေါင်မိုးရွက်အဖြစ် အသုံးပြုကြသည်။



*ဓာတ်တမ်းဓာတ်ပုံ (၁၂) ထုံးတမ်းဓလေ့ လူနေမှုစနစ်အတွက် အရေးကြီးသည့် သဘာဝသစ်တောအမျိုးမျိုး*

### (၂) ဆေးဖက်ဝင်အပင်များ

ဆေးဖက်ဝင်အပင်များဖြစ်သည့် ဆင်တုံးမနွယ်၊ မောင်ညို၊ မားရန်းယ၊ ရိုးရာငါးဆေးခတ်ရာတွင် အသုံးပြုသည့် ဆေးနွယ်ဆေးပင်များကို ထိန်းတောနှင့် အသုံးပြုတောများမှ ထုတ်ယူရရှိနိုင်ပါသည်။

### (၄) ရိုးရာစားသောက်ကုန် တောထွက်အရင်းအမြစ်များ

တောထွက်ရိုးရာစားသောက်ကုန်များတွင် အဓိကအားဖြင့် ဝါးမြစ်၊ ကြိမ်သီး၊ မက်လက်သီး၊ ပျားရည်၊ တောဖရုံသီး စသည့် သစ်သီးဝလံများနှင့် အသားငါးများကို ရာသီအလိုက် သစ်တောမှ ရရှိကြသည်။

## ၄။ ဝင်ငွေရရှိစေသည့် တောထွက်အရင်းအမြစ်များ

### (၁) တပင်တိုင်ဥ

တပင်တိုင်ကို ရိုးရာဆေးဝါးအဖြစ် အသုံးပြုသည့်အပြင် တစ်ဖက်တစ်လှမ်း ဝင်ငွေရရှိစေသည့် တောထွက်အရင်းအမြစ်တစ်ခုဖြစ်သည်။ တစ်ပင်တိုင်သည် အတုနှင့် အစစ်ဟူ၍ နှစ်မျိုးရှိသည်။ တစ်ပင်တိုင် အစစ်ကို အခြောက် တစ်ပိဿာလျှင် တစ်သိန်းခွဲခန့် ကာလပေါက်ဈေးရှိပြီး၊ တစ်ပင်တိုင်အတု တစ်ပိဿာလျှင် ကာလပေါက်ဈေးအရ ရှစ်သောင်းခန့်ရှိသည်။ ၂၀၀၆ ခုနှစ်မှ ယနေ့တိုင် တစ်ပင်တိုင်များကို ကျေးရွာပိုင် ထိန်းတောများမှ ရှာဖွေထုတ်ယူပြီး ပန်ဆောင်ဈေးကွက်သို့ ရောင်းချလေ့ရှိသည်။

### (၂) မန်ကျည်းနွယ်

ကျေးရွာပိုင်ထိန်းတောများမှ မန်ကျည်းနွယ် အနည်းအကျဉ်းကို ထုတ်ယူရရှိသည်။ မန်ကျည်းနွယ်၏ အပေါ် ယံအသားများကို ခြစ်ထုတ်ပြီး ကုန်ကြမ်းအဖြစ် ပန်ဆောင်ဈေးကွက်သို့ ရောင်းချသည်။

### (၃) ဝဥ

ဝဥကို အဓိကအားဖြင့် ကျေးရွာပိုင် ထိန်းတောမှ ရရှိသည်။ ၂၀၁၉ ခုနှစ်တွင် ရွာပိုင်ထိန်းတောမှ ခန့်မှန်း ပိဿာချိန်ပေါင်း (၅၀၀) ခန့်ကို ဝင်ငွေရရှိရေးအတွက် ရောင်းချခဲ့သည်။ ဝဥကို တစ်ပိဿာလျှင် မြန်မာငွေ (၆၀၀၀) ကာလပေါက်ဈေးရှိသည်။



*မှတ်တမ်းဓာတ်ပုံ (၁၃) တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိစေသည့် ဒေသ၏ သစ်တောထွက် ဝဥ*


### ၅။ ရိုးရာအမဲလိုက်ခြင်းလုပ်ငန်း


ရိုးရာအမဲလိုက်ခြင်းသည် တကိုင်းကျေးရွာတွင် ရိုးရာအစဉ်အလာ တစ်ခုအဖြစ် ကျင့်သုံးသည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း၏ တစ်ဆိတ်တစ်ဒေသဖြစ်သည်။ ပွဲလမ်းသဘင် အခါသမယတွင်သာ အုပ်စုဖွဲ့၍ တောထွက် အမဲလိုက်ကြသည်။ မိသားစု စားသုံးရန်အတွက် ရာသီမရွေး တစ်ဦးတည်းသော်လည်းကောင်း၊ အုပ်စုငယ်များဖြင့်သော်လည်းကောင်း အမဲလိုက်ကြသည့် ဓလေ့လည်း ရှိပါသည်။ အမဲလိုက်ရာတွင် ရိုးရာသိမီးသေနပ်၊ လုံများကို အသုံးပြုသည်။

### ၆။ ငါးဖမ်းခြင်း

ငါးဖမ်းခြင်းလုပ်ငန်းကို အောက်တို၊ မတ်၊ ဧပြီ၊ မေ လတို့တွင် လုပ်ကိုင်ကြသည်။ အစုလိုက်ငါးဖမ်းခြင်းနှင့် ရွာလုံးကျွတ် ပူးပေါင်းပြီး ငါးဖမ်းသည့် ဓလေ့ ထွန်းကားသည်။ ငါးဖမ်းရန် အရေးပါသည့် ချောင်းများမှာ နောင်ယန်းချောင်းနှင့် လောက်လိုင်ချောင်းတို့ဖြစ်သည်။

ဘိုးဘေးတို့သည် ဆည်ပိတ်ခြင်း၊ ချောင်းလွှဲခြင်း၊ ဆေးထွက်ဆေးနွယ်များဖြင့် ငါးဆေးခတ်ခြင်းဖြင့် ငါးများကို ဖမ်းယူခဲ့ကြသည်။ ယနေ့တွင် ထိုရိုးရာငါးဖမ်း နည်းလမ်းများအပြင် ခေတ်မီ ငါးဖမ်းပိုက်နှင့် ငါးမျှားချိတ်တို့ဖြင့်လည်း ဖမ်းယူရရှိသည်။



## အခန်း (၄)

## (က) ကိုးကွယ်ယုံကြည်မှု၁။ နတ်ကိုးကွယ်ယုံကြည်မှု

နတ်ကိုးကွယ်ရာတွင် အိမ်စောင့်နတ်နှင့် တောစောင့်နတ်များကို ကိုးကွယ်ပသခဲ့ကြရသည်။ အိမ်သူအိမ်သားများ ကျန်းမာစွာ အသက်ရှင်သန်နိုင်ရန် အိမ်စောင့်နတ် (မတိုင့်)ကို ကိုးကွယ်အားထားခဲ့သည်။ အိမ်ထောင်မိသားစုအတွင်း တစ်ဦးဦးနာမကျန်းဖြစ်လျှင် နတ်ဝင်ဆရာ တစ်ဦးဦး၏ အကူအညီဖြင့် အိမ်စောင့်နတ်က တောင်းဆိုညွှန်ကြားသည့်အတိုင်း ကြက်ဖြူ၊ ခွေး၊ ဝက်နှင့် နွားများကို သတ်ဖြတ်၍ ပူဇော်ပသခဲ့ကြသည်။

ရိုးရာတောထွက် အမဲလည်ရာတွင် တောကောင်များရရှိနိုင်ရန် တောစောင့်နတ်များက မျော်လင့်တောင်း ဆိုသည့်အတိုင်း ဆန် (ဂုန်းဟီး)နှင့် ကြက်ဥများကို ယူဆောင်သွားပြီး ကြိုတင်ပူဇော်ပသခဲ့ရသည်သည်။ ထိုဓလေ့မှာ ၁၉၇၇ ခန့်အထိ ဘိုးဆင်ဘောင်ဆက် ခေတ်အဆက်ဆက် အလွန်ထွန်း ကားခဲ့သည်။

## ၂။ ခရစ်ယာန်ဘာသာတရားကို ယုံကြည်သက်ဝင်ခြင်း

အသင်းအုပ်ဆရာ ဦးထွန်းကော်သည် ၁၉၇၇ မတိုင်မီခန့်မှ ၁၉၇၈ ခုနစ်အထိ တကိုင်းကျေးရွာသို့ ခရစ်ယာန် ယုံကြည်ခြင်း တရားများကို ဟောပြောသွန်သင်ခဲ့သည့် သာသနာပြုဆရာ ဖြစ်သည်။ ထိုအချိန်မှစ၍ နတ်စားယုံကြည်ကိုးကွယ်သော ဘိုးဘေးတို့၏ ဓလေ့မှ



ခရစ်ယာန် ဘာသာတရားကို စတင်၍ ယုံကြည်သက် ဝင်လာခဲ့ကြသည်။

*မှတ်တမ်းဓာတ်ပုံ (၁၄) ဓမ္မအမှုတော်ဆောင် ဆရာ/မ များ နှင့် နောက်ခံ ဘုရားကျောင်း*

ထိုအချိန်မှစ၍ ကျေးရွာခံ ဘိုးဘေးတို့သည် အိမ်စောင့်နတ်၊ တောစောင့်နတ်များကို ကြောက်လန့်၍ ရှိသေကိုးကွယ်ခြင်းမရှိတော့ဘဲ အသက်ရှင်တော်မူသော ယေရှုခရစ်တော်ဘုရားကိုသာ ယနေ့တိုင် မှီခိုအားထား ကိုးကွယ်လာခဲ့ကြသည်။

**၃။ အသင်းတော်တွင် အမှုတော်ဆောင်ခဲ့သည့် ဓမ္မအမှုတော်ဆောင်များ၏ အချက်အလက်ပြဇယား**

| စဉ် | အမည် | အမှုတော်မြတ်တာဝန် | ခုနှစ် | မှတ်ချက် |
|---|---|---|---|---|
| ၁ | ဦးထွန်းကော် | အသင်းအုပ်ဆရာ | ၁၉၇၀-၁၉၇၈ | သာသနာပြုဆရာ |
| ၂ | ဦးဘိုင်ရှမ်း | ။ | ၁၉၇၉-၁၉၈၅ | |
| ၃ | ဦးယုန်းနောင် | ။ | ၁၉၈၆-၁၉၈၉ | |
| ၄ | ဦးကျုလွမ်း | ။ | ၁၉၉၀-၁၉၉၁ | |
| ၅ | ဦးယန်းကောင်း | လက်ထောက်ဆရာ | ၁၉၈၉-၁၉၉၁ | |
| ၆ | ဦးရှဲဝါး | သင်းအုပ် | ၁၉၉၂-၁၉၉၄ | |
| ၇ | ဒေါ် မာထာ | အမျိုးသမီးဆရာမ | ၁၉၉၃-၁၉၉၆ | |
| ၈ | ဦးညောက်လုန် | လက်ထောက်ဆရာ | ။ | |
| ၉ | ဦးသောင်းမုန့် | သင်းအုပ် | ၁၉၉၅-၂၀၀၁ | |
| ၁၀ | ဒေါ် ကံနွေး | အမျိုးသမီးဆရာမ | ၁၉၉၆-၁၉၉၉ | |
| ၁၁ | ဒေါ် အားခေါ် | လက်ထောက်ဆရာမ | ၁၉၉၇-၁၉၉၈ | |
| ၁၂ | ဦးညောက်တိုး | လက်ထောက်ဆရာ | ။ | |
| ၁၃ | ဦးတူခွန်း | သင်းအုပ် | ၂၀၀၃-၂၀၀၄ | |
| ၁၄ | ဦးဘိုင်ရှမ်း | ။ | ၂၀၀၅-၂၀၁၄ | ဒုတိယအကြိမ် |
| ၁၅ | ဦးရှိုင်းအောင် | လက်ထောက်ဆရာ | ၂၀၀၅-၂၀၁၁ | |
| ၁၆ | ဦးကမ်းမောင် | ။ | ၂၀၁၁-၁၃ | |
| ၁၇ | ဒေါ် နွန်းနော် | ။ | ၂၀၁၅-၂၀၁၈ | |
| ၁၈ | ဦးတူခွန်း | သင်းအုပ် | ၂၀၁၄-ယနေ့ထိ | ဒုတိယအကြိမ် |
| ၁၉ | ဦးဝမ်းချုန်း | လက်ထောက်ဆရာ | ၂၀၁၅-ယနေ့ထိ | |
| ၂၀ | ဒေါ် တောတမ် | အမျိုးသမီးဆရာမ | ၂၀၁၄-ယနေ့ထိ | |
| ၂၁ | ဒေါ် ကျင်းပူး | ။ | ၂၀၁၉-ယနေ့ထိ | |

| | | | | |
|---|---|---|---|---|
| ၂၂ | ဦးခွမ်းရိုင် | လက်ထောက်ဆရာ | ၂၀၁၈-ယနေ့ထိ | |
| ၂၃ | ဦးဝမ်းမုန် | ။ | ၂၀၁၉-ယနေ့ထိ | |

တကိုင်းကျေးရွာရှိ အသင်းတော်မှာ ခရစ်တော်၏ အသင်းတော် (Church of Christ) ခရစ်ယာန်အသင်းတော် ဖြစ်သည်။

**(ခ) ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ**

**၁။ ကျေးရွာအုပ်ချုပ်ရေး အဖွဲ့အစည်း**

တကိုင်းကျေးရွာ စတင်တည်ထောင်ခဲ့စဉ် ၁၈၁၀ မှ ၁၈၅၇ ခုနှစ်အထိ ကျေးရွာကို ရွာသူကြီး ဦးမိတ်ဒုန်က အုပ်ချုပ်ခဲ့သည်။ ရွာသူကြီးတာဝန်ကို ဦးမိတ်ဒုန်၏သား၊ မြေး၊ မြစ် အထိ (၃) ဆက်တိုင် အဆင့်ဆင့် ဆက်ခံခဲ့ပြီး ကျေးရွာကို အုပ်ချုပ်ခဲ့သည်။ ယင်းအုပ်ချုပ်ရေး စနစ်သည် ကျေးရွာ၏ အထွေထွေရေးရာများ အားလုံးကို ရွာသူကြီးက တာဝန်ခံပြီး အုပ်ချုပ်ရသည့် စနစ်ဖြစ်သည်။ ယနေ့တိုင် အချို့နာဂမျိုးနွယ်စုများတွင် မြင်တွေ့ရသည့် ဖော်ဘွားစနစ်နှင့် တကိုင်း ကျေးရွာ၏ ထို ယနေ့တိုင် ရွာသူကြီးအုပ်ချုပ်မှုစနစ်သည် တူညီလျက်ရှိသည်။ ရွာသူကြီးစနစ်ကို ၁၉၇၁ အထိ တကိုင်းကျေးရွာတွင် ကျင့်သုံးခဲ့သည်။ ၁၉၇၂ ခုနှစ်မှ ယနေ့တိုင် ဥက္ကဌများ၊ အုပ်ချုပ်ရေးမှူးများကို ခန့်အပ်ပြီး အစိုးရနှင့်ပူးတွဲလျက် ကျေးရွာအုပ်ချုပ်ရေးကဏ္ဍကို တာဝန်ယူ ဆောင်ရွက်လျက်ရှိသည်။



*မှတ်တမ်းဓာတ်ပုံ (၁၅) ၂၀၁၆-၂၀ ခုနှစ်သက်တမ်းကာလ ကျေးရွာ အုပ်ချုပ်ရေးမှူးအဖွဲ့*

**တကိုင်းကျေးရွာကို အုပ်ချုပ်ခဲ့သည့် ပုဂ္ဂိုလ်များ၏ အမည်စာရင်းနှင့် ခုနှစ်များပြဇယား**

| စဉ် | အမည် | တာဝန် | အမည် | ရာထူး | ခုနှစ် | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | ဦးမိတ်ဒုန် | ရွာသူကြီး | - | - | ၁၈၁၀-<br>၁၈၅၇ | ပထမဆုံးသူကြီး |
| ၂ | ဦးခွန်းယုန်း | ။ | - | - | ၁၈၅၈-<br>၁၉၀၀ | |
| ၃ | ဦးနတ်ခွန်း | ။ | - | - | ၁၉၀၁-<br>၁၉၃၅ | |
| ၄ | ဦးဝင်ဝေါင်း | ။ | - | - | ၁၉၃၆-<br>၁၉၇၁ | |
| ၅ | ဦးခေါင့်ဒန်း | ဥက္ကဌ | ဦးရှုန်းကမ်း | အတွင်းရေးမှူး | ၁၉၇၂-<br>၁၉၇၆ | ပါတီကောင်စီခေတ် |

| | | | | | | |
|---|---|---|---|---|---|---|
| ၆ | ဦးခေါင့်ဒန်း | ။ | ဦးရှောမ်းနောင် | ။ | ၁၉၇၇-၁၉၈၀ | ဒုတိယသက်တမ်း |
| ၇ | ဦးကမ်းမိန်း | ။ | ဦးခေါတူး | ။ | ၁၉၈၁-၁၉၈၄ | |
| ၈ | ဦးရှမ်းဝန် | ။ | ဦးဝင်ဆန်း | ။ | ၁၉၈၅-၁၉၈၈ | |
| ၉ | ဦးရှမ်းဝန် | ။ | ဦးဝမ်းမီး | ။ | ၁၉၈၉-၁၉၉၂ | ငြိမ်ဝပ်ပိပြားခေတ် |
| ၁၀ | ဦးကမ်းမိန်း | ။ | ဦးခေါက်ရွှမ်း | ။ | ၁၉၉၃-၁၉၉၆ | ရယက |
| ၁၁ | ဦးရောင်းလီ | ။ | ဦးယောဟန် | ။ | ၁၉၉၇ | |
| ၁၂ | ဦးယောဟန် | ။ | ဦးရွှမ်းရစ် | ။ | ၁၉၉၈ | |
| ၁၃ | ဦးလန်သောင်း | ။ | ဦးခွမ်းလုန် | ။ | ၁၉၉၉ | |
| ၁၄ | ဦးနောင်ခွမ်း | ။ | ဦးခီးဟုန် | ။ | ၂၀၀၀ | |
| ၁၅ | ဦးခေါင်းလုန် | ။ | - | - | ၂၀၀၁ | |
| ၁၆ | ဦးကမ်းမိန်း | ။ | ဦးပါးလုန် | အတွင်းရေးမှူး | ၂၀၀၂-၂၀၀၄ | |
| ၁၇ | ဦးမိုယ | ။ | ဦးတင်းကျ | ။ | ၂၀၀၅-၂၀၀၇ | |
| ၁၈ | ဦးခီးဟုန် | ။ | ။ | ။ | ၂၀၀၈ | |
| ၁၉ | ဦးတင်းကျ | ။ | ဦးဝါရွှမ်း | ။ | ၂၀၀၉-၂၀၁၂ | ဒီမိုကရေစီသို့ အကူးအပြောင်း ကာလ |
| ၂၀ | ဦးအောင်တိုး | အုပ်ချုပ်ရေးမှူး | ဦးပလောင် | ယာအိမ်မှူး | ၂၀၁၃-၂၀၁၇ | ပါတီစုံ ဒီမိုကရေစီခေတ် |
| ၂၁ | ဦးတင်းကျ | ။ | ဦးပါးလုန် | ။ | ၂၀၁၈-ယနေ့ထိ | |

## ၂။ ရပ်မိရပ်ဖအဖွဲ့

ပါတီကောင်စီခေတ် နောက်ပိုင်း တကိုင်းကျေးရွာတွင် ရပ်မိရပ်ဖအဖွဲ့ တည်ရှိလာသည်။ ကျေးရွာတွင်းရှိ ရှေ့မီနောက်မီ ပုဂ္ဂိုလ်များ၊ နယ်ပယ်တစ်ခုခုတွင် ကျွမ်းကျင်ပြီး သမာသမတ်ရှိသည့်

ပုဂ္ဂိုလ်များကို ကျေးရွာ၏ ရပ်မိရပ်ဖများအဖြစ် လူထုဆန္ဒဖြင့် ရွေးချယ်ခန့်အပ်ကြသည်။ ရပ်မိရပ်ဖ အဖွဲ့ဝင်များအနက် အထွင့်ထူးခွဲ အထိပ်ပုဂ္ဂိုလ်များကိုလည်း ထပ်ဆင့်ရွေးချယ် ထားရှိလေ့ရှိသည်။ ရပ်မိရပ်ဖများကို ကန့်သန်ချက်မရှိဘဲ ထိုက်သန်သည့်အလျောက် ရွေးချယ်ခန့်ထားနိုင်ပါသည်



*မှတ်တမ်းဓာတ်ပုံ(၁၆) ကျေးရွာ ရပ်မိရပ်ဖများ*

## ၃။ ဘာသာရေးအဖွဲ့အစည်း

ဘာသာရေးအဖွဲ့အစည်းတွင် အသင်းတော် ဓမ္မဆရာများအဖွဲ့၊ အသင်းတော် အထောက်အကူပြု ကော်မတီ၊ အသင်းတော်အမျိုးသမီးရေးရာ အဖွဲ့နှင့် အသင်းတော် လူငယ်များအဖွဲ့

တို့ရှိသည်။



*မှတ်တမ်းဓာတ်ပုံ(၁၇)အသင်းတော်၏ အမျိုးသမီးအဖွဲ့၊လူငယ်အဖွဲ့နှင့်*
*အသင်းတော်အထောက်အကူပြုရေးအဖွဲ့*

**၄။ ရိုးရာယဉ်ကျေးမှုကော်မတီ**

နာဂရိုးရာယဉ်ကျေးမှုဆိုင်ရာ ကိစ္စအဝဝကို ရိုးရာယဉ်ကျေးမှုအဖွဲ့က အဓိက ဦးဆောင်တာဝန်ယူသည်။ နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကျင်းပခြင်း၊ အကပဒေသာများ စီစဉ်ပေးခြင်း၊

ရိုးရာဝတ်စားဆင်ယင်မှုနှင့် လက်မှုလုပ်ငန်း ပညာရပ်များကို ထိန်းသိမ်းရန်မှာ ၎င်းအဖွဲ့အစည်း၏ အဓိက တာဝန်ရပ်များ ဖြစ်သည်။



*မှတ်တမ်းဓာတ်ပုံ (၁၈) တကိုင်းကျေးရွာ ရပ်ကျေးနာဂရိုးရာ စာပေနှင့် ယဉ်ကျေးမှုအဖွဲ့*

**၅။ ကျောင်းကော်မတီ**

ကျောင်းကော်မတီသည် ကျေးရွာ၏ ပညာရေးကဏ္ဍတွင် ပေါ်ပေါက်လာသည့် ကိစ္စအဝဝကို ဦးဆောင်တာဝန်ယူပေးရန် ခန့်အပ်ခြင်းခံရသည့် ကျေးရွာ စေတနာ့ဝန်ထမ်းအဖွဲ့အစည်း ဖြစ်ပါသည်။ ပညာရေးဝန်ထမ်းများ၏ အခက်အခဲများကို ကူညီဖြေရှင်းပေးခြင်း၊ စာသင်ကျောင်းဆောင်ကို ထိန်းသိမ်းပေးခြင်း စသည့်လုပ်ငန်းတာဝန်ရပ်များတွင် ဦးဆောင်ဦးရွက်ပြုပေးသည်။

**၆။ ကျေးရွာ လူငယ်အဖွဲ့အစည်း**

ကျေးရွာလူငယ်အဖွဲ့အစည်းသည် ဘာသာရေး၊ ရိုးရာယဉ်ကျေးမှု၊ အုပ်ချုပ်ရေး၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများ ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အဘက်ဘက်မှ ပံ့ပိုးကူညီပေးသည့် အခြေခံ အင်အားစု တစ်ခုဖြစ်သည်။



*မှတ်တမ်းဓာတ်ပုံ (၁၉) ကျေးရွာလူငယ်အဖွဲ့အစည်း*

## (ဂ) ပညာရေးကဏ္ဍ

တကိုင်းကျေးရွာတွင် ၁၉၆၉ မှ ၁၉၈၆ အထိ၊ (၁၇) နှစ်တိုင်တိုင် ကိုယ်ထူကိုယ်ထ လုပ်အားပေး စနစ်ဖြင့် မျိုးဆက်သစ်များအတွက် ကျောင်းပညာရေးကို သင်ကြားပေးနိုင်ခဲ့သည်။ ၁၉၈၇ တွင် နိုင်ငံတော်အစိုးရ၏ တရားဝင် မူလတန်းကျောင်းကို ရရှိခဲ့သည်။

ယနေ့တွင်မူ အစိုးရက ခန့်အပ်သည့် ပညာရေးဝန်ထမ်း (၄) ဦးဖြင့် ကျောင်းသားဦးရေ (၅၁)ခန့်ကို နှစ်စဉ် ပညာသင်ကြားပေး လျက်ရှိသည်။

**၁၉၆၉မှ ၂၀၁၉ ခုနအတွင်း တာဝန်ထမ်းဆောင်ခဲ့သည့် ပညာရေးဝန်ထမ်းများ အမည်စာရင်းပြဇယား**

| စဉ် | အမည် | တာဝန်/ရာထူး | ပညာသင်နှစ် | မှတ်ချက် |
|---|---|---|---|---|

| | | | | |
|---|---|---|---|---|
| ၁ | ဦးရှုန်းကမ်း | လုပ်အားပေး | ၁၉၆၉-၁၉၇၆ | ကိုယ်ထူကိုယ်စနစ် |
| ၂ | ဦးခေါင်းကမ် | ။ | ၁၉၇၆-၁၉၇၇ | ။ |
| ၃ | ဦးကျက်နောင် | ။ | ၁၉၇၇-၁၉၇၈ | ။ |
| ၄ | ဦးရှန်းနောင် | ။ | ၁၉၇၈-၁၉၈၀ | ။ |
| ၅ | ဦးကောပ်တူး | ။ | ၁၉၈၃-၁၉၈၄ | ။ |
| ၆ | ဦးညောက်တူး | ။ | ၁၉၈၄-၁၉၈၆ | ။ |
| ၇ | ဦးညရှေး | ထလသ | ၁၉၈၇-၁၉၉၅ | အစိုးရကျောင်း |
| ၈ | ဦးရှန်းနောင် | ။ | ၁၉၈၇-ယနေ့ထိ | ။ |
| ၉ | ဦးဝင်းဖြေ | မူအုပ် | ၁၉၉၀-၁၉၉၅ | ။ |
| ၁၀ | ဦးရှော့ဝါး | ။ | ၁၉၉၅-၂၀၁၆ | ။ |
| ၁၁ | ဦးဆွေလင်း | မူပြ | ၁၉၉၁-၁၉၉၂ | ။ |
| ၁၂ | ဦးကံနောင် | ထလသ | ၁၉၉၄-၁၉၉၈ | ။ |
| ၁၃ | ဦးတင်ကွင်း | မူပြ | ၁၉၉၈-၂၀၀၁ | ။ |
| ၁၄ | ဦးမီကင်း(မ်) | လုပ်အားပေး | ၂၀၀၃-၂၀၀၄ | ။ |
| ၁၅ | ဦးအောင်တိုး | ။ | ၂၀၀၄-၂၀၀၅ | ။ |
| ၁၆ | ဒေါ်နွေနွေဝင်း | မူပြ | ။ | ။ |
| ၁၇ | ဒေါ်ခင်မျိုးဦး | ။ | ။ | ။ |
| ၁၈ | ဒေါ်ခပ်နဲ | ။ | ၂၀၀၅-၂၀၁၁ | ။ |
| ၁၉ | ဦးကျော်လင်းနိုင် | ။ | ၂၀၀၈-၂၀၁၂ | ။ |
| ၂၀ | ဦးကီးသွေး | ။ | ၂၀၁၄-၂၀၁၅ | ။ |
| ၂၁ | ဦးအောင်ဆန်းဝင်းကျော် | ။ | ၂၀၁၄-၂၀၁၈ | ။ |
| ၂၂ | ဦးအောင်ကျော် | ။ | ၂၀၁၄-၂၀၁၇ | ။ |
| ၂၃ | ဒေါ်ခပ်ညမ်း | ။ | ၂၀၁၅-၂၀၁၈ | ။ |
| ၂၄ | ဒေါ်ယမင်းရွှေကို | ။ | ၂၀၁၇-၂၀၁၈ | ။ |
| ၂၅ | ဦးစိန်းကမ် | ။ | ၂၀၁၉ | ။ |
| ၂၆ | ဦးအားလန် | ။ | ။ | ။ |
| ၂၇ | ဒေါ်အုန်းမြင့်ဆွေ | ။ | ။ | ။ |



*မှတ်တမ်းဓာတ်ပုံ (၂၀) ကျောင်းဆရာများ (၂၀၁၉-၂၀) ၊ နှင့် နောက်ခံ မူလတန်းကျောင်းဆောင်*

**တက္ကသိုလ်ဝင်တန်းကို ဖြေဆိုအောင်မြင်ခဲ့သည့် ကျောင်းသား/သူများ၏ အမည်စာရင်းပြဇယား**

| စဉ် | အမည် | လက်ရှိတာဝန်ထမ်းဆောင်သည့် ဌာန / အဖွဲ့အစည်း |
|---|---|---|
| ၁ | ဦးခွမ်းဆိုင်း | NGO |
| ၂ | ဦးယောအေးလ | NLD ပါတီ |
| ၃ | ဒေါ်ငွမ်းကမ် | ကျန်းမာရေးဌာန |
| ၄ | ဒေါ်ယင်းလိပ် | ကွယ်လွန် |
| ၅ | ဒေါ်ဇင်နွေး | ပညာရေးဌာန |
| ၆ | ဦးရပ်ယုန်း | ကျန်းမာရေးဌာန |
| ၇ | မောင်ဝမ်းနောင် | - |
| ၈ | မောင်ရိန်းကျွမ့် | - |
| ၁၀ | မထုယမ်း | - |
| ၁၁ | မကန်ယန်း | - |

## အခန်း (၅)

## သစ်တော၊ မြေယာ စီမံခန့်ခွဲမှုဆိုင်ရာ ရိုးရာထုံးတမ်းဓလေ့အရ ကျင့်သုံးသည့် စည်းမျဉ်းစည်းကမ်းများ

### ၁။ ထိန်းတောများနှင့် သယံဇာတကာကွယ် ထိန်းသိမ်းသည့် စည်းကမ်း

ကျေးရွာအတွင်း ကြိုတင်အသိပေး တိုင်ပင်မှုမရှိဘဲ ထိန်းတောနယ်မြေများဖြစ်သည့် ရေထိန်းတောနှင့် ကျေးရွာပိုင် ကာကွယ်တောများအတွင်း တောင်ယာခုတ်ခြင်း၊ သစ်ပင်ဝါးနှင့် အခြား သယံဇာတများကို လုံးဝထုတ်ယူပိုင်ခွင့် မရှိပေ။ ဤစည်းကမ်းအား မလိုက်နာသည့် အပြုမူများအပေါ် တကိုင်းကျေးရွာ သစ်တောနှင့်သယံဇာတ စီမံခန့်ခွဲရေး ကော်မတီ၏ ထိရောက်စွာ အရေးယူခြင်းကို ခံရမည်ဖြစ်သည်။

ကျေးရွာအတွင်းမှ တစ်စုံတစ်ဦးသည် ထိန်းတောများအတွင်းမှ သဘာဝသယံဇာတ တစ်စုံတစ်ရာကို ထုတ်ယူရန် လိုအပ်ပါက ကျေးရွာသစ်တောနှင့်သယံဇာတ စီမံခန့်ခွဲရေး ကော်မတီ၏ ခွင့်ပြုချက်ကို ဦးစွာရယူရန် လိုအပ်သည်။ ခွင့်ပြုချက်နှင့် စည်းကမ်းများအတိုင်း အကန့်အသတ်ဖြင့် ထုတ်ယူနိုင်ပါသည်။ သို့ရာတွင် ခွင့်ပြုချက်ပါ အကန့်အသတ်ထက် ကျော်လွန်ပြီး ထုတ်ယူခွင့် မရှိပေ။

### ၂။ မြေယာလုပ်ပိုင်ခွင့်နှင့် ပိုင်ဆိုင်မှုအား သတ်မှတ်ခြင်း စည်းကမ်း

#### (၁) မြေယာလုပ်ပိုင်ခွင့် စည်းကမ်း

ကျေးလက်နေ နာဂမျိုးနွယ်စုများသည် မိမိ၏ နယ်နိမိတ် ကန့်သတ်နယ်မြေအတွင်းတွင်သာ တောင်ယာခုတ်ထွင် ပိုင်ဆိုင်သည့် ထုံးတမ်းဓလေ့များ ရှိကြသည်။ အခြားရွာပိုင် နယ်နိမိတ်အတွင်း တောင်ယာ၊ လယ်ယာများကို ခုတ်ထွင်ပိုင်ဆိုင်နိုင်သော်လည်း သက်ဆိုင်ရာ မြေပိုင်ရှင်ကျေးရွာလူထုထံမှ ခိုင်မာသည့် ခွင့်ပြုချက်ကို ကြိုတင်ရယူသည့် ဓလေ့ရှိသည်။ ထို့အပြင်နယ်နိမိတ်ပိုင် ကျေးရွာ၏ စည်းမျဉ်းစည်းကမ်းများကို မဖြစ်မနေ လိုက်နာရန် လိုအပ်ပါသည်။

#### (၂) အိမ်ခြံဝင်း ချမှတ်ပေးခြင်း

အိမ်ထောင်စုခွဲ၍ သော်လည်းကောင်း၊ အခြားကျေးရွာမှ ပြောင်းရွှေ့လာသည့် အိမ်ထောင်စုများ အတွက်သော်လည်းကောင်း အိမ်ဆောက်လုပ်ရန် ဝင်းများကို ကျေးရွာပိုင် မြေလွတ်မြေလပ်နေရာများတွင်သာ ချမှတ်ပေးသည်။ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့် ရပ်မိရပ်ဖများက စီမံခွင့်ပြုပေးသည့် မြေနေရာများတွင်သာ လူနေအိမ်ဆောက်ခြင်းကို ပြုလုပ်ရသည်။ အိမ်ဆောက်လုပ်ချိန်မှစ၍ ကျေးရွာ၏ ဘုံစည်းမျဉ်းစည်းကမ်းများကို တန်ဖိုးထား လိုက်နာခြင်းနှင့် ကျေးရွာ၏ ကိစ္စအဝဝတို့တွင် ပါဝင်ကြရမည် ဖြစ်သည်။

## (၂) မြေယာနှင့် ပစ္စည်းဥစ္စာအမွေဆက်ခံ ပိုင်ဆိုင်ခွင့် စည်းကမ်း

ကျေးရွာပိုင် နယ်နိမိတ်အတွင်း ဘိုးဘွားမိဘများက နှစ်ကြာရှည်လုပ်ကိုင်ပိုင်ဆိုင်ခဲ့သည့် မြေကွက်များအား ၎င်းတို့၏ သက်ဆိုင်ရာ သားသမီးများက အမွေအဖြစ် ဆက်လက်ပိုင်ဆိုင်ခွင့်ရှိသည်။ မိဘများသည် ၎င်းတို့ပိုင်ဆိုင်ထားသည့် မြေယာနှင့် စိုက်ခင်းများကို သားယောကျ်ားများအား အမွေအဖြစ် ညီတူညီမျှ ခွဲဝေပေးလျက်ရှိသည်။ မိဘများအား အနီးကပ် ပြုစုကျွေးမွေးသည့် သားများအား မိဘများက အကန့်အသတ်မရှိဘဲ ပိုမိုသော မြေယာအမွေကို ပိုင်ဆိုင်ခွင့်ပေးသည်။ သားသမီးများအား အမွေပေးခြင်း ကိစ္စကို မိဘများကသာ လွတ်လွတ်လပ်လပ် ဆုံးဖြတ်ပိုင်ခွင့်ရှိသည်။

အခြားပစ္စည်းဥစ္စာ အမွေများကိုမူ မိဘများက သား၊ သမီးများအား အခြေအနေနှင့် အချိန်အခါပေါ်တွင် မူတည်၍ ခွဲဝေပေးလေ့ရှိသည်။

## (၃) မြေယာပိုင်ဆိုင်မှုအား လွှဲပြောင်းပေးခြင်း ၊ ရောင်းဝယ်ခြင်းစည်းကမ်း

တစ်စုံတစ်ဦးက ပိုင်ဆိုင်သည့် မြေယာပိုင်ဆိုင်မှုကို ရောင်းဝယ်လွှဲပြောင်းပေးရာတွင် ကျေးရွာလူကြီး များနှင့် ညှိနှိုင်းပြီး ရောင်းဝယ်ခြင်းကိစ္စကို ဆုံးဖြတ်နိုင်သည်။ တစ်သီးပုဂ္ဂလ ဆုံးဖြတ်ချက်ဖြင့် မြေယာ ပိုင်ဆိုင်မှုအား ရောင်းဝယ်မှုပြုလုပ်ပါက ကျေးရွာ၏ စည်းမျဉ်းစည်းကမ်းများကို ချိုးဖောက်ဆော် ကားသောကြောင့် ကျေးရွာက ထိုက်တန်သည့် အရေးယူခြင်းနှင့် ပြစ်ဒဏ်ပေးခြင်းကို ပြုလုပ်လေ့ရှိသည်။ ကျေးရွာလူထုအချင်းချင်း မြေယာပိုင်ဆိုင်မှု အရောင်းအဝယ်ပြုရာတွင် အသိသက်သေနှင့် သက်သေ အထောက်အထားများဖြင့် လွတ်လွတ်လပ်လပ် ရောင်းဝယ်လွှဲပြောင်းပေးနိုင်သည်။

တစ်စုံတစ်ဦးသည် အခြားကျေးရွာသို့ ပြောင်းရွှေ့နေထိုင်သွားရန် ကျေးရွာလူကြီးများအား ကြိုတင်အသိပေးရန် လိုအပ်ပြီး ၎င်းပိုင်ဆိုင်သည့် မြေယာများကို စီမံခြင်းနှင့် ပတ်သက်၍မူ ကျေးရွာလူကြီးများ၏ ဆုံးဖြတ်ချက်အပေါ်တွင်သာ မူတည်လျက်ရှိသည်။

## အခန်း (၆)

## ရိုးရာယဉ်ကျေးမှုနှင့် မြေယာသစ်တော ဆက်နွယ်မှု

### ၁။ တေးကဗျာ ကဏ္ဍ

Ruil Shiz (ရိုးရာ ဆပေါ်လော)

- Saq Poc Loq Lez - ကောက်ပဲသီးနှံ ပေါ်များ ပါစေ
  Saq wic yoq lez - ကောက်သိမ်းပွဲမှာ ကောင်းကြီးပေးသည်
  Wic yoq wic yumx - ဆဝီးပွဲမှာ ကောက်ပဲသီးနှံတို့အား ချော့မော့သီဆိုသည်
  Poc loz poc lvmx - နှစ်စဉ် ဆပေါ်လော သီးချင်းဖြင့် ဖျော်ဖြေမည်
  Poc loz luemc juingz - ပွဲခင်းပရဝုဏ်
  Kvlc khix saz duingz - ကွင်းပြင် ညီညာ သာယာပေသည်
  V hozsaqlec - ကောက်ရိပ်သိမ်းပြီးလို့ ဝမ်းမြောက်ကြမည်
  V hoz doc lec - သီးမျှစ် သီးနှံ ပေါ်ကြွယ်ဝလို့ ဝမ်းသာကြကုန်
  Svmx lawx pawc lec - တောရိုင်းမြေမှန် တောင်ယာသီးနှံသည်
  Jalx rawxgawc lec - တော ဝါခါးပင်လို ကြီးထွားကြတယ်
  Jalx rawx ruix mungc - အပင်သန်မာ ကြံ့ခိုင်ကြတယ်
  Banx yaz khungx yungx - သီးနှံလည်း အရည်အသွေး ပြည့်မီတယ်

- V hoz saq lec - စပါးရလို့ ဝမ်းသာတယ်
  V hoz dawc lec - ပျဉ်းဥရလို့ ဝမ်းသာရတယ်
  Svmx lawx pawc lec - မြေသြဇာကောင်းသော တောရိုင်း
  Jalx rawx gawc lec - စပါးဖြစ်ထွန်းတယ်
  Jalx thuiyz thawz wvnc - ကောက်ရိပ်သိမ်းပြီး နေရာသစ်ပြန်ကြည့်ကြတယ်
  Banc yaz shok pvnc - တောင်ယာနေရာကောင်း ရှာကြပါတယ်

- Ruix mungx htungx lez - ကောင်းမွန်သော စိတ်ရင်း
  Ruix mungx ruix maq - တိုးတက်မှန်ကန်တဲ့ ဆန္ဒဖြင့်
  Kanx jungx kanx thawx - ထုံးတမ်းအုပ်မြစ် နည်းလမ်းကောင်းတို့ ရှိတယ်
  Kanx jungx jvp ix - အုပ်မြစ်ကောင်းကို အခြေခံကြစို့
  Lungz yungx yvp ix - ရိုးရာယဉ်ကျေးမှု ကျောက်ဆောင်လို ခိုင်မြဲစေ
  Kanx jungx joz joz - အမျိုးဂုဏ်ရည် မြင့်တင်ကြလေ
  Lungz Yungx moz moz - ရိုးရာဂုဏ်ရောင် တည်တန့်စေလေ

## ၂။ ရာသီစက်ဝန်း

| ယားပို့ (လ) | ရာသီအလိုက် ဆောင်ရွက်သည့် လုပ်ငန်းအမျိုးအမည်များ |
|---|---|
| ယားရင့်(မ်)<br>ဇန်နဝါရီ | ၁။ နာဂရိုးရာ နှစ်သစ်ကူးပွဲတော် ကျင်းပဆင်နွှဲခြင်း (ယခင်က စရန်ကုဒ်နှင့် **စဝီမွာလ်း**ပွဲတော်များ)<br>၂။ နေအိမ်ဆောက်လုပ်ခြင်း<br>၃။ ရွှေ့ပြောင်းတောင်ယာခင်း အသစ် ရှာဖွေခြင်း<br>၄။ ရိုးရာအမဲလိုက်ခြင်း<br>၅။ ရိုးရာအစားအစာ ပီလောပီနံ၊ ပိန်းဥ စသည်တို့ကို သိမ်းယူကြသည်။ |
| ယားငါ<br>ဖေဖော်ဝါရီ | ၁။ နေအိမ် ဆောက်လုပ်ခြင်း<br>၂။ တောင်ယာ ခုတ်ခြင်း၊ လက်ဖက်ခင်းရှင်းလင်းခြင်း၊<br>ကောက်စောခင်းမီးရှို့ခြင်း |
| ရဝတ်<br>မတ် | ၁။ တောင်ယာခင်းတွင် ကောက်စော စပါး စတင်စိုက်ပျိုးသည်။ (ယခင်က **ဇမ့်ဖောင်မွါလ်း**ပွဲတော်ချိန်)<br>၂။ ဟင်းသီးဟင်းရွက်များကို ကောက်စောခင်းတွင် သီးညှပ်စိုက်ပျိုးသည့် အချိန်လည်း ဖြစ်သည်။<br>၃။ ငါးဖမ်းခြင်း၊ လက်မှုလုပ်ငန်းအတွက် ကြိမ်နီး၊ ဝါးနီး စသည်တို့ကို စုဆောင်းသည်။ |
| ဝရား<br>ဧပြီ | ၁။ ကောက်စော စပါး အပြီးသတ်စိုက်ပျိုးပြီး<br>ကောက်ကြီးစပါးစိုက်ပျိုးရန်အတွက် ပြင်ဆင်ခြင်း |
| ယားရှိ<br>မေ | ၁။ ကောက်ကြီးစပါး စိုက်ပျိုးသည်။<br>၂။ လက်ဖက် ဆွတ်ခူးခြင်း နှင့် တောင်ယာတဲများ ဆောက်လုပ်သည်။<br>၃။ ရွာချင်းဆက် လမ်း၊ တံတား ပြုပြင် မွမ်းမံ တည်ဆောက်ခြင်း |

| | |
|---|---|
| ယားကွေ<br>ဖွန် | ၁။ ကောက်ကြီးစပါး အပြီးသတ် စိုက်ပျိုးသည်။<br>၂။ ကောက်စောခင်း ပေါင်းရှင်းလင်းခြင်း ပြုသည်။<br>၃။ ယခင်က ကောင်းကြီးရယူရန် ဝဝမ်းမွာလ်းပွဲကျင်းပခြင်း |
| ယားကျွင့်(မ်)<br>ဇူလိုင် | ၁။ ကောက်ကြီးစပါးခင်းမှ ပေါင်းထွန် ရှင်းလင်းခြင်းနှင့် ပြောင်းဖူးချွေယူခြင်း လုပ်ငန်းများ<br>၂။ ရိုးရာနည်းဖြင့် ငါးပိတ်ဆည်တည်ဆောက်ရန် သစ်ဝါးများ စုဆောင်းသည်။ |
| ယားရွှာလ်း<br>ဩဂုတ် | ၁။ ဖာလာခင်း ရှင်းလင်းပြီး လကုန်ပိုင်းတွင် ဖာလာသီးကို ခူးယူ စုဆောင်းသည်။<br>၂။ ငါးပိတ်ဆည် တည်ဆောက်ခြင်း။<br>၃။ ကောက်ကြီးစပါးခင်းမှ ပေါင်းပင်များ ရှင်းလင်းခြင်း(ယခင်က **ဖမ့်ယောက်တောဒ့်မွာလ်းပွဲ** ကျင်းပခြင်း) |
| ယားရှာ့<br>စက်တင်ဘာ | ၁။ ကောက်စောစပါး ရိတ်သိမ်းသည်။<br>၂။ ကောက်သစ်စား ကျေးဇူးတော်ချီးမွမ်းပွဲ ကျင်းပသည်။ (ယခင်က **လာမ်းရောမွာလ်းပွဲ** ကျင်းပခဲ့သည်) |
| ဝတ်ဂူ<br>အောက်တိုဘာ | ၁။ ကောက်စောစပါး အပြီးသတ် ရိတ်သိမ်းခြင်းနှင့် ကောက်ကြီးစပါးခင်း ဘေးပတ်လည် ရှင်းလင်းခြင်း<br>၂။ ငါးပိတ်ဆည်မှ ငါးများ ဖမ်းယူသည်။ |
| ယားဒါး<br>နိုဝင်ဘာ | ၁။ ကောက်ကြီးစပါး ရိတ်သိမ်းသည်။(ယခင်က **နင်(မ်)ရောင့်သင်းမွာလ်းပွဲ** ကျင်းပချိန် ဖြစ်သည်။<br>၂။ ထိမ်းမြားဆောင်နှင်းခြင်းနှင့် အခြားလူမှုရေးလုပ်ငန်းများ ဆောင်ရွက်ကြသည်။ |
| ယားဒါဒ်<br>ဒီဇင်ဘာလ | ၁။ ခရစ္စမတ်ပွဲတော် ကျင်းပသည်။<br>၂။ နေအိမ် ပြုပြင်၊ မွမ်းမံ၊ တည်ဆောက်ရန် သစ်ဝါး ကြိမ်နီးများ စုဆောင်း ပြင်ဆင်နေချိန် ဖြစ်သည်။<br>၃။ ရိုးရာအမဲလိုက်ခြင်း အနည်းအကျဉ်း ပြုလုပ်လေ့ ရှိသည်။<br>၄။ တောင်ယာဟောင်း ကောက်ရိုးခင်းများကို ကောက်စောစိုက်ရန် ကြိုတင် ရှင်းလင်းသည်။ |

## ၃။ ကျေးရွာလူထု၏ အရေးပါသည့် ဓာတ်ပုံမှတ်တမ်းများ



*မှတ်တမ်းဓာတ်ပုံ (၂၁) ကျေးရွာလူထု အခြေပြု ကျေးရွာ စေတနာ့ ဝန်ထမ်းမျာ*



မှတ်တမ်းဓာတ်ပုံ (၂၂) တကိုင်း-ခမ္မတိုင်ကျေးရွာ နယ်နိမိတ်အထောက်အထားမှတ်သားရန် ကွင်းမဆင်းမီ နှစ်ရွာကိုယ်စားပြု အဖွဲ့များ အပြန်အလှန် အသေးစိတ် ညှိနှိုင်းနေစဉ်




မှတ်တမ်းဓာတ်ပုံ (၂၃) MAM ၏ ရပ်ကျေးအခြေပြု ကျန်းမာရေး စောင့်ရှောက်မှု ကူညီရေး ဝန်ထမ်း



မှတ်တမ်းဓာတ်ပုံ (၂၄) မကန်ယန်း (၂၀၁၈-၁၉ ပညာသင်နှစ်တွင် ဇီဝဗေဒ အထူးဖြင့် တက္ကသိုလ် ဝင်တန်းကို ဖြေဆိုအောင်မြင်ခဲ့သူ)



မှတ်တမ်းဓာတ်ပုံ (၂၅) တကိုင်းကျေးရွာ အမျိုးသမီးများ စွမ်းရည်မြှင့် သင်တန်းတွင် ပါဝင်တက်ရောက်သူများ မှတ်တမ်းဓာတ်ပုံ